
လှည့်
ကွက်
Translator
GOLDEN STAR
အခန်း - ၂၂

# အခန်း (၃၁၆)
## ဇာတ်သိမ်းခန်းနှင့် လူစုခွဲခြင်း (၂)

*

"ကောင်းပါပြီဗျာ..."

ဆုမိုနှင့် ယန်ရှောင်ယွင်တို့နှစ်ဦးသည် ပြိုင်တူ လက်သီးဆုပ် အရိုအသေပေးလိုက်ကြရင်း နှုတ်ဆက်စကား ဆိုလိုက်ကြလေ၏။

"ဒါဆိုရင်လည်း မြို့စားမင်းဝူ... လမ်းခရီးမှာ ဂရုစိုက်ပြီး ကြွပါခင်ဗျာ..."

"ကောင်းပါပြီ... လော့ရှားမြို့ရောက်မှပဲ ပြန်တွေ့ကြတာပေါ့..."

ဝူတောက်ယိသည် လက်ကာပြလိုက်ပြီးနောက် လော့ဖုန်းမဟာမိတ်အဖွဲ့မှ ယုံကြည်စိတ်ချရ

သော တပည့်များကို ဦးဆောင်ကာ ခြေလှမ်း ကျဲကျဲဖြင့် ထွက်ခွာ သွားလေတော့သည်။

ထိုအခိုက်အတန့်၌ ကျန်ရစ်ခဲ့သူများမှာ ဆုမို၊ ယန်ရှောင်ယွင်၊ လျိုမို၊ ဖုန်းပိုင်ချွမ်း၊ ဖုဟာန်ယွမ် နှင့် ကျန်းရှောင်ရှောင်တို့သာ ရှိတော့၏။

ဆုမိုသည် ကျန်ရစ်သူများကို ကြည့်ကာ ဝေ့ဝဲ အကဲခတ်လိုက်သည်။

သူ စကားမစရသေးမီမှာပင် လျိုမိုက ဦးစွာ ပိတ်ပြောလိုက်လေ၏။

"စိတ်မပူပါနဲ့ ခေါင်းဆောင်ဆု... ဒီနေရာမှာ ဖြစ်ပျက်တဲ့ အကြောင်းများကို ကျွန်တော်တို့ ဘက်က လုံးဝ နှုတ်လုံပါ့မယ်..."

"ခေါင်းဆောင်လျိုက တကယ်ပဲ ကျွန်တော့်စိတ် ကို အတပ်သိ နေပါရောလား..."

ဆုမိုက ခပ်ပြုံးပြုံး ဖြင့် တုံ့ပြန်လိုက်သည်။

"အာ... ဒီကိစ္စက သာမန်မှ မဟုတ်တာဗျ။

ကျွန်တော်တို့ အခုသိထားတာက ရေခဲတောင်ရဲ့ ထိပ်ဖျားလေးလောက်ပဲ ရှိသေးတာတောင်မှ ဒီသတင်းသာ ပေါက်ကြားသွားရင် ဂယက်က လောကကို ကိုင်လှုပ် သွားနိုင်တယ်ဆိုတာ လူတိုင်းသိကြပါတယ်..."

လျိုမိုက တည်ကြည်လေးနက် သော လေသံဖြင့် ဆက်ပြောလေ၏။

"ကျွန်တော့်အသက်သာ သေချင်သေသွားမယ်... ဒီကိစ္စနဲ့ ပတ်သက်ပြီး စကားတစ်လုံးတောင် ဟမိမှာ မဟုတ်ပါဘူး..."

ဘေးနားရှိ လူများကလည်း လျိုမိုနည်းတူ ကတိသစ္စာ ပြုကြလေကုန်သည်။ ဆုမိုနှင့် ယန်ရှောင်ယွင်တို့သည် သူတို့အား ကျေးဇူးတင်သော မျက်လုံးဖြင့် တစ်ချက်ကြည့် ကာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ဆိုလိုက်ကြ၏။

ထို့နောက် ဆုမိုက လျှိုမိုဘက်သို့ နောက်သို့ ချာခနဲ လှည့်ထွက် လိုက်ရင်း မေးခွန်းထုတ်လိုက်သည်။

"ဒါနဲ့ ပြောရဦးမယ်... ခေါင်းဆောင်လျှိုခင်ဗျား ရှေ့ဆက်ပြီး ဘာလုပ်ဖို့ စိတ်ကူးထားလဲ..."

ယခုအခါ လျှိုမို၏ ရင်ထဲမှ အကြီးမားဆုံးသော အဖုအထစ်ကြီး ပြေပျောက်သွားခဲ့ပြီ ဖြစ်သည်။ ထုန်းယွင်လည်း သေဆုံးသွားပြီဖြစ်ရာ နှစ်ပေါင်းများစွာ သူ့ကို ချည်နှောင်ထားသော သံကြိုးများ ရုတ်ခြည်း ပြတ်တောက်သွားသကဲ့သို့ပင်။

ငှက်တစ်ကောင်သည် ကောင်းကင်ကျယ်ကြီးထဲသို့ အတောင်ပံအား ဖြန့်ကျက် ပျံသန်းနိုင်ပြီဖြစ်သလို၊ ငါးတစ်ကောင်သည်လည်း သမုဒ္ဒရာကျယ်ကြီးထဲသို့ လွတ်လပ်စွာ ကူးခတ်နိုင်ပြီ

မဟုတ်ပါလော။

သို့သော် ဆုမို၏ မေးခွန်းကို ကြားလိုက်ရချိန်တွင်မူ လျိုမိုသည် ရုတ်တရက် ငိုင် သွားရှာသည်။

"ကျွန်တော် ဝမ်ရှင်းကုန်သွယ်ရေးအဖွဲ့အစည်းထဲကို ဝင်ခဲ့တာက လမ်းငါးသွယ်ဆုံရပ်ကို ပုံမှန်သွားလာခွင့်ရဖို့နဲ့ ဝမ်းရေးအတွက်ပဲ ဝင်ခဲ့တာပါ..."

သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ဆက်ပြောလာ၏။

"အခုတော့ လမ်းငါးသွယ်ဆုံရပ်က ကိစ္စတွေလည်း ပြီးသွားပြီဆိုတော့... ကျွန်တော့်မှာ သွားစရာ နေရာမရှိတော့သလိုပဲဗျာ..."

ပြောရင်းဖြင့် လျိုမိုသည် ဆုမိုကို လှမ်းကြည့်လိုက်သည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း တစ်စုံတစ်ခုကို စနစ်တကျ အကွက်ချ

စဉ်းစားနေပုံရ၏။

"အမ်... ခေါင်းဆောင်ဆု... ကျွန်တော့်မှာ လောဘသားကောင် ဆန်တဲ့ တောင်းဆိုမှုတစ်ခု တော့ ရှိနေတယ်ဗျ..."

"ဟောဗျာ..."

ဆုမိုက စိတ်ဝင်တစားဖြင့် မေးလိုက်သည်။

"ပြောပါဦး... ဘာများလဲဗျ..."

"ဧယန်အာမခံဌာနမှာများ လူလိုသေးလားလို့ပါ... ခေါင်းဆောင်ဆုဆီမှာ ထမင်းတစ်လုပ်လောက် ဝင်တိုးချင်လို့ပါဗျာ... လက်ခံပေးနိုင်မလား..."

"ဒါက..."

ဆုမိုနှင့် ယန်ရှောင်ယွင်တို့ မျက်လုံးချင်း ဆုံသွားကြ၏။ ထို့နောက် ဆုမိုက ပြုံးလိုက်ရင်း...

"ခေါင်းဆောင်လျိုက နှိမ့်ချလွန်းနေပါပြီဗျာ... ခင်ဗျားလို သိုင်းပညာရှင်တစ်ယောက်က ကျုပ်

တို့ဆီ လာမယ်ဆိုမှတော့ ကြိုဆိုရမှာပေါ့... ဘယ်လိုလုပ် ငြင်းရက်ပါ့မလဲ..."

ဆုမိုက စကားကို ခေတ္တရပ်လိုက်ပြီးမှ ဆက်ပြောလာ၏။

"ဒါပေမဲ့ ခေါင်းဆောင်လျှိုသာ ကျုပ်တို့ဆီ ဝင်မယ်ဆိုရင်... ရာထူးက အာမခံအဖွဲ့မှူးလောက်ပဲ ပေးနိုင်မှာဗျ... ခင်ဗျားအတွက် နိမ့်ကျလွန်းနေမလားလို့ပါ..."

"ဟာ... မဟုတ်တာဗျာ..."

လျှိုမိုက တဟားဟား ရယ်လိုက်လေ၏။

"ခေါင်းဆောင်ဆုရဲ့ အတွင်းအားနဲ့ သိုင်းပညာက ဒီလောက် ထိပ်ခေါင် ရောက်နေမှတော့ ဇီယန်အာမခံဌာနက မကြာခင် သိုင်းလောကမှာ နာမည်ကြီးလာတော့မှာ ယုံမှားဖွယ် မရှိပါဘူး... ကျွန်တော်က ဇီယန်ရဲ့ အဖွဲ့မှူး ဖြစ်ခွင့်ရတာတင် ဂုဏ်ယူစရာကြီးပါဗျာ... ကပ်ပြီး နာမည်ကြီးဦး

မှာ..."

ပြောပြောဆိုဆိုပင် လျှိုမိုသည် ဒူးတစ်ဖက် ထောက်ကာ ရင်ကို ကော့၊ ခေါင်းကို မော့ကာ အရိုအသေ ပြုလိုက်လေ၏။

"ခေါင်းဆောင်ဆုကို ဂါရဝပြုပါတယ်ခင်ဗျာ..."

ဆုမိုသည် ကပျာကယာ လှမ်း၍ တား လိုက်ပြီး သူ့ကို ဆွဲထူလိုက်သည်။

"အဖွဲ့မှူးလျှို... ဒီလောက်ကြီးထိ အားနာစရာ ကြီးဗျာ..."

ဆုမိုသည် ခေါ်ဝေါ်သုံးနှုန်းပုံကို ချက်ချင်း ပြောင်းလဲလိုက်လေ၏။

လျှိုမိုဆိုသော လူသည် အနေအေးပြီး စကား နည်းသော်လည်း စိတ်ထားပြတ်သားသူ ဖြစ်သည်။

သူ၏ ကိုယ်ပိုင်အသိစိတ်နှင့် မိဘကျေးဇူးဆပ် လိုစိတ်ကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခခံခဲ့

သူ ဖြစ်သည်။ ခေါင်းမာသည်ဟု ဆိုနိုင်သော်လည်း လေးစားထိုက်သော လူစားမျိုးပင်။

ထိုကဲ့သို့သော လူမျိုး မိမိ၏ အာမခံဌာနသို့ ဝင်ရောက်လာခြင်းကို ဆုမိုက ကျေနပ်နေမိ၏။

ထိုအချိန်တွင် ဘေးနား၌ ရပ်နေသော ဖုဟာန်ယွမ်သည် ဆုမိုနှင့် လျိုမိုကို ကြည့်ရင်း မျက်လုံးကလယ်ကလယ် ဖြစ်နေရှာသည်။ ယတိပြတ် မဆုံးဖြတ် နိုင်ဘဲ တွေဝေနေပုံရ၏။

ခေတ္တမျှ ကြာသောအခါမှ သူသည် ကိုယ့်ကိုယ်ကို အားယူ ပြီး စကားစလိုက်သည်။

"ခေါင်းဆောင်ဆု..."

သူသည် ဆုမိုကို အတော်လေး ကြောက်ရွံ့နေပုံရ၏။ စကားလေး ၃-၄ လုံး ပြောပြီးသည်နှင့် ချက်ချင်းပင် နှောင်တရသွားသလို မျက်နှာကွက်ခနဲ ပျက် သွားသည်။

ဆုမိုက သူ့ဘက်သို့ လှည့်ကြည့်လိုက်သောအခါ

ဖုဟန်ယွမ်ခမျာ လိပ်ပြာလွင့်မတတ် လန့်သွားပြီး ခေါင်းကို ပုလိုက်မိလေ၏။

"ခင်ဗျား... ပြောစရာရှိလို့လား..."

ဆုမိုက မေးလိုက်သည်။

ဖုဟန်ယွမ်သည် အလိုအလျောက် ခေါင်းခါလိုက်မိသော်လည်း တစ်ချက်စဉ်းစားပြီးနောက် ခေါင်းပြန်ငြိမ့်ပြလိုက်ပြန်သည်။

ဆုမိုမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားရတော့သည်။

"နေပါဦး... ခင်ဗျားက ခေါင်းခါချင်တာလား... ခေါင်းငြိမ့်ချင်တာလား... ရှင်းရှင်းပြောစမ်းပါဗျာ..."

"ကျွန်... ကျွန်တော်လည်း တောင်းဆိုစရာ ရှိလို့ပါ... ဒါပေမဲ့ ထားလိုက်ပါတော့လေ..."

ဖုဟန်ယွမ်သည် အံကို ကြိတ်လိုက်ပြီး ဖွင့်ဟဝန်ခံ လိုက်သည်။

"ကျွန်တော်လည်း ဇီယန်အာမခံဌာနကို ဝင်ချင်လို့ပါဗျာ... ခေါင်းဆောင်ဆု ခွင့်ပြုပေးပါ..."

"အမ်..."

ဆုမို အံ့ဩသွားရ၏။

"ခင်ဗျားက ကျွန်တော့်ရဲ့ မွဲတဲတဲ ဇီယန်အာမခံဌာနကို ဝင်ချင်တာ ဟုတ်လား..."

"...ခင်ဗျား ရှိနေမှတော့ ဘယ်သူက ဇီယန်အာမခံဌာနကို မွဲတယ်လို့ ပြောရဲမှာလဲဗျ..."

ဖုဟာန်ယွမ်က ဆုမိုကို မမှိတ်မသုန်ကြည့် ရင်း သတိထား ပြောဆိုလိုက်သည်။

"ကျွန်တော် တကယ်ကို ဝင်ချင်တာပါဗျာ... ခေါင်းဆောင်ဆု လက်ခံပေးပါနော်..."

ဆုမိုသည် ဖုဟာန်ယွမ်ကို စိတ်ဝင်တစား ကြည့်လိုက်ပြီး မဲ့ပြုံး တစ်ချက် ပြုံး လိုက်သည်။

"ကဲ... ပြောစမ်းပါဦး... ဘာအကြောင်းပြချက်နဲ့ ဝင်ချင်တာလဲ... ကျွန်တော့်ကို လာမလိမ်နဲ့နော်...

အမှန်အတိုင်းပြော..."

နောက်ဆုံးစကားလုံးများကို ဆုမိုက အသံမာမာဖြင့် ပြောလိုက်ရာ ဖုဟန်ယွမ်ခမျာ တုန်တက်သွားလေ၏။ ခဏမျှ တုံ့ဆိုင်းနေပြီးနောက် သူသည် သက်ပြင်းချကာ ဝန်ခံလိုက်တော့သည်။

"ကျွန်တော်... ကျွန်တော်လည်း သိုင်းလောကမှာ နာမည်ကြီးချင်လို့ပါဗျာ..."

ကြားလိုက်ရသူ အားလုံး ပါးစပ်အဟောင်းသားဖြစ်ကုန်ကြ၏။

ဆုမိုမှာ ရယ်ရခက် ငိုရခက် ဖြစ်သွားပြီး ခေါင်းခါလိုက်မိသည်။

"ခင်ဗျား..ကျွန်တော့်နေရာကို နားလည်မှု လွဲနေပြီ ထင်တယ်... ကျွန်တော့်ဆီက အာမခံဌာနဗျ... ခင်ဗျား သိုင်းလောကမှာ နာမည်ကြီးချင်ရင် အရင်တုန်းကလိုပဲ ဆရာကြီးတွေကို လိုက်ပြီး စိန်ခေါ်ပွဲတွေ နွှဲနေမှ ပိုမြန်မှာပေါ့..."

သို့သော် ဖုဟန်ယွမ်က ခေါင်းကို သည်းကြီး မည်းကြီး ခါယမ်းလိုက်လေ၏။

"အရင်တုန်းကတော့ ကျွန်တော်လည်း အဲဒီလို ပဲ ထင်ခဲ့တာပါပဲ... ဆရာကြီးတွေကို လိုက် စိန်ခေါ်ရင် နာမည်ကြီးဖို့ အမြန်ဆုံးလမ်းပဲလို့ တွေးခဲ့တာ..."

"ဒါပေမဲ့... ကျွန်တော့်ရဲ့ သိုင်းပညာက အပေါ်ယံ ပဲ ရှိသေးတယ်ဆိုတာ အခုမှ နားလည်တော့ တယ်ဗျာ... သာမန်လူတွေကို နှိမ်နင်း ဖို့လောက် ပဲ ကောင်းတာ... တကယ့် ပညာရှင်တွေနဲ့ တွေ့ ရင် အဖြစ်အပျက်က မျက်တောင် တစ်ခတ် ကလေးနဲ့ ခံလိုက်ရမှာ..."

"မဟာကောင်းကင် နှင်းခဲချီ က အစွမ်းထက် တယ် ဆိုပေမယ့်... ကျွန်တော် သုံးတာက မ ပီပြင်သေးဘူးဗျ..."

စကားအရှိန်ရလာသောအခါ ဖုဟန်ယွမ်သည်

ရင်ထဲရှိသမျှကို အန်ချ လိုက်တော့သည်။

"ပြီးတော့လေ... ဒီကိစ္စပြီးသွားမှ ကျွန်တော် နားလည်လိုက်ရတာ တစ်ခုရှိတယ်... သိုင်း လောကမှာ အသက်ရှင်ရပ်တည်ဖို့က သိုင်းပညာ ကောင်းရုံနဲ့ မရဘူးဆိုတာပဲ..."

"သုံးပါး အစွန်းရောက် ဂိုဏ်း ရဲ့ အကွက်တွေက အရမ်း ရက်စက်လွန်းတယ်ဗျာ... ကျွန်တော့်လို ဘာမှမသိတဲ့လူကို သူတို့က အရုပ် တစ်ရုပ်လို ကစားသွားကြတာ..."

"ဒီနေ့ သူတို့ ကျွန်တော့်ကို သုံးပြီး ကောင်းကင် ဓားဂိုဏ်းကို စိန်ခေါ်ခိုင်းတယ်..."

"ပြောရရင် ဒီတစ်ခါတော့ တော်သေးတယ် ပြောရမယ်... အနည်းဆုံးတော့ ကျွန်တော် အမှားတစ်ခုကျူးလွန် ပြီး ကြီးကြီးမားမား ဖြစ်မ သွားခဲ့ဘူး..."

"ဒါပေမဲ့ နောက်တစ်ခါကျရင်ရော... ဒီထက်ပို

ပြီး ရက်စက်ကြမ်းကြုတ်ရန် ဝန်မလေး တဲ့ လူတွေနဲ့တွေ့ပြီး သူတို့ရဲ့ စနစ်တကျ အကွက်ချကြံစည် မှုအောက် ရောက်သွားရင် ဘယ်လိုလုပ်မလဲ... အဲဒီအချိန်ကျမှ ကျွန်တော့်လက်နဲ့ အပြစ်မဲ့တဲ့လူတွေကို သတ်မိလိုက်ရင် ဘယ်လိုလုပ်မလဲဗျာ..."